## အဆင့်မြှင့်တင်၍ ပြန်လည်လက်မှတ်ရေးထိုးခဲ့သော စင်ကာပူ – နယူးဇီလန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်သည် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် စတင်အာဏာသက်ဝင်

စင်ကာပူနိုင်ငံ၏ ပထမဆုံး နှစ်နိုင်ငံလွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်ဖြစ်ပြီး၊ နယူးဇီလန်နိုင်ငံ၏ ဒုတိယမြောက် နှစ်နိုင်ငံလွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်ဖြစ်သော စင်ကာပူ – နယူးဇီလန် အနီးကပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် (Agreement between New Zealand and Singapore on a Closer Economic Partnership – ANZSCEP) သည် ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် စတင်အာဏာတည်ခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ ဇွန်လတွင် မူလသဘောတူစာချုပ်ကို အဆင့်မြှင့်တင်နိုင်ရန် နှစ်နိုင်ငံအကြား ဆွေးနွေးညှိနှိုင်းမှုများကို စတင်ပြုလုပ်ခဲ့ပြီး၊ ထပ်ဆင့်ပြုပြင်မွမ်းမံထားသော သဘောတူစာချုပ် (The upgraded ANZSCEP) အား ၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်တွင် ပြန်လည်လက်မှတ်ရေးထိုးခဲ့ကြပါသည်။ အဆိုပါ The upgraded ANZSCEP သည် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် စတင်အာဏာသက်ဝင်ခဲ့ပြီ ဖြစ်ပါသည်။

အဆိုပါ The upgraded ANZSCEP အား လျင်မြန်စွာ သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး၊ စာချုပ်အာဏာသက်ဝင်မှု မြန်ဆန်ခြင်းသည် တံခါးဖွင့်စီးပွားရေးစနစ်နှင့် စည်းမျဉ်းအခြေခံသော ကုန်သွယ်ရေးစနစ်များကို ဆက်လက်ထောက်ခံဆောင်ရွက်လျက်ရှိကြောင်း စင်ကာပူနှင့် နယူးဇီလန်တို့၏ ကတိကဝတ်များကို ဖော်ပြနေပါကြောင်း၊ ခေတ်ကာလနှင့်လိုက်လျောညီထွေစွာ ပြန်လည်မွမ်းမံရေးထိုးခဲ့သော ယင်းသဘောတူစာချုပ်သည် ကုန်သွယ်ရေးအတားအဆီးများကို လျှော့ချခြင်း၊ စည်းမျဉ်းထိန်းကျောင်းမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် အီလက်ထရောနစ်ကုန်သွယ်ရေး (E-Commerce) ကြိုပမ်းဆောင်ရွက်မှုများအား ဖွံ့ဖြိုးတိုးတက်စေပြီး၊ နှစ်နိုင်ငံလုံးမှ စီးပွားရေးလုပ်ငန်းများအပေါ် အကျိုးကျေးဇူးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း စင်ကာပူကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီးဖြစ်သူ Mr. Chan Chun Sing က ပြောကြားပါသည်။

ထို့ပြင် စင်ကာပူနှင့် နယူးဇီလန် နှစ်နိုင်ငံလုံးပါဝင်သော လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ် (FTA) အသစ်များနှင့် ကိုက်ညီမှုရှိသည့် ကုန်သွယ်ရေးစည်းမျဉ်းများနှင့် ပြဋ္ဌာန်းချက်များကို ယင်းသဘောတူစာချုပ်တွင် ထည့်သွင်းထားကြောင်း၊ စာချုပ်တွင် စည်းမျဉ်းထိန်းကျောင်းမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် E-Commerce ဆိုင်ရာများနှင့်ပတ်သက်၍ အခန်းသစ် (၂) ခုကို ထည့်သွင်းခဲ့ကြောင်း၊ မူလသဘောတူစာချုပ်တွင် ပါရှိခဲ့သော ကုန်စည်ကုန်သွယ်ရေး၊ လူ၊ တိရစ္ဆာန်နှင့် အပင် ပိုးမွှားရောဂါကင်းရှင်းရေး၊ ပင်ရင်းနိုင်ငံစည်းမျဉ်း၊ နည်းပညာဆိုင်ရာအတားအဆီးများ၊ အကောက်ခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှုနှင့် စီးပွားရေးလုပ်ငန်းယှဉ်ပြိုင်မှုနှင့် စားသုံးသူအကာအကွယ်ပေးရေး စသည့် အခန်း (၈) ခုကို ပြုပြင်မွမ်းမံခဲ့ကြောင်း သိရှိရပါသည်။

ယခုသဘောတူစာချုပ်တွင် ပြောင်းလွယ်ပြင်လွယ်မှု ပိုမိုပြုလုပ်နိုင်သော ပင်ရင်းနိုင်ငံ စည်းမျဉ်းကြောင့် အထူးသဖြင့် စင်ကာပူရှိ အီလက်ထရောနစ်ပစ္စည်း၊ ဓာတုပစ္စည်း၊ ဆေးဝါးနှင့် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းနိုင်ကြောင်း၊ တင်ပို့သည့် ကုန်ပစ္စည်းရောက်ရှိမှုအပေါ် ၂၄ နာရီအတွင်း အကောက်ခွန်ရှင်းလင်းမှုနှင့် ထုတ်ယူနိုင်မှုတို့ကို ပြုလုပ်လာနိုင်ကြောင်း၊ နယူးဇီလန်တွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသည့် စင်ကာပူလုပ်ငန်း များသာမက ဈေးကွက်တိုးချဲ့ရန် စောင့်ကြည့်နေသူများအတွက်လည်း အကျိုးကျေးဇူးရှိကြောင်း စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ချုပ်က သုံးသပ်ထားပါသည်။

၂၀၁၈ ခုနှစ်စာရင်းအရ စင်ကာပူ - နယူးဇီလန် နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် စင်ကာပူဒေါ်လာ ၄.၁ ဘီလီယံ ရောက်ရှိခဲ့ပြီး၊ ၂၀၁၇ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၂.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်စာရင်းအရ စင်ကာပူသည် နယူးဇီလန်တွင် စင်ကာပူဒေါ်လာ ၃.၉ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့သည့်အတွက် နယူးဇီလန်နိုင်ငံတွင် ဆဋ္ဌမမြောက် အများဆုံး ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သောနိုင်ငံ ဖြစ်ပါကြောင်း သိရှိရပါသည်။

သတင်းရင်းမြစ် ။ ။ Ministry of Trade and Industry, Singapore/ The Straits Times